# AROMA
ဝိညာဉ်ရေးရာစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

April 2009 အတွဲ ၆၊ အမှတ် ၄။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဝေံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

### ယခုလဖတ်စရာ

- ဗတ္တိဇံရဲ့သဘောတရား
- ခရစ်တော်၌အသက်ရှင်သောသူများ
- မြင်တတ်ရင်စွန်အားယူစရာဖြစ်မယ်
- ကယ်တင်ပိုင်ရှင်ထံသို့

### ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

### အယ်ဒီတာအဖွဲ့

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာစီ)**
thawngnoaroma@gmail.com

### ကွန်ပြူတာစာစီ

တိုးတိုးခိုင်

---

စာမူပေးပို့လိုသူများအောက်ပါ လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

# ဗတ္တိဇံရဲ့သဘောတရား

ဗတ္တိဇံ (BAPTISM)

GREEK (ဟေလသဘာသာ) မူရင်းစကားဖြစ်၏။ 'ဗစ်တီးဇိုး' ဟူသောစကားလုံးရှိသည်။ 'ဗပ်တိုး' ဟူသောစကားမှလာသည်။ ဤ 'ဗပ်တိုး' ပုဒ်ကို ကျမ်းရင်း၌ သုံးကြိမ် တွေ့ရသည်။ (နှစ်ခြင်းဆိုသည့်အနက် အဓိပ္ပါယ်နှင့်သုံးသည်)
(လု ၆း၂၄) ၌ လာဇရုသည်မိမိလက်ဖျားကို 'ရေ၌နှစ်၍' (ယော ၁၃း၂၆) ၌ ယေရှုသည် ယုဒရှကာယုတ်အတွက်မုန့်ကို တစ်လုပ်စာ 'နှစ်၍' ပေးကြောင်း (ဗျာ ၂၉း၁၃) ၌ အသွေး၌ 'နှစ်ပြီး' သောအဝတ်ကိုဝတ်၍၊ ထိုမှတစ်ပါး (ဆေးကြောခြင်းမင်္ဂလာအနေနှင့်လည်း သုံးသည်)။

လူ၏အပြင်သဏ္ဌာန် သန့်ရှင်းမှုအတွက် ကိုယ်၊ လက်၊ မျက်နှာတို့ကိုလည်းငှင်း၊ ရုပ်ဝတ္ထုပစ္စည်းများဖြစ်သည့် အိုးခွက်ပန်းကန် လင်ပန်းတို့ကိုလည်းကောင်း၊ ဆေးကြောခြင်းမင်္ဂလာအနက်နှင့်သုံးသည်။ ဤသည်မှ ရှေးလူဟောင်း တို့မှဆက်ခံသောနည်း ဥပဒေသတို့ကိုခံယူသောဖါရိရှဲမှစ၍ ယုဒလူအပေါင်းတို့အတွက် သက်ရောက်သည့် အဓိပ္ပါယ်ဖြစ်၏။

– ယုဒလူအပေါင်းတို့သည် လက်ဆုပ်မဆေးဘဲ အစာကိုစားလေ့မရှိ၊ (မာ ၇း၃)

– ဈေးမှပြန်လာသောအခါ၌လည်း ဆေးကြောခြင်း မပြုဘဲစားလေ့မရှိ (မာ ၇း၃) ထိုမှတစ်ပါး ခွက်ဖလားကြေးဝါပန်းကန်ခုတင်တို့ ဆေးကြောခြင်းမှစ၍ အခြားသောထုံးတမ်းများကို ခံယူ၍ကျင့်လေ့ရှိ၏။ 'ခရစ်တော်လက်ထက်ရောက်သော်' ဤသို့ဇာတ်လမ်း စတော့၏။

– တပည့်တော်အချို့တို့သည် ညစ်ညူးသောလက်တည်းဟူသော ရေမဆေးသောလက်နှင့်

"ဘုရားသခင်နှင့် သံစဉ်သိုထားသောနှလုံးသားသည်
ချီးမွမ်းခြင်းသံစဉ်များကိုသီဆိုသည်"

အစာစားသည်ကိုမြင်လျှင် အပြစ်တင်ကြ၏။ (လု ၇း၂)

– အစာမစားမီ ဆေးကြောခြင်းကို ပြုတော်မမူသည်ကို ထိုဖါရိရှဲတို့သည်မြင်လျှင် အံ့ဩလေ၏ (လု ၁၁း၃၈)

– (မာ ၇း၈) ၌ ခရစ်တော်က အကြောင်း မူကား၊ သင်တို့သည်ဘုရားသခင်၏ ပညတ်တော်ကိုပယ်၍ ခွက်ဖလားဆေးခြင်း တည်း ဟူသော လူတို့မှဆက်ခံသော နည်းဥပဒေသကိုခံယူလျှက် ထိုသို့သောအခြား အကျင့်ဓလေ့များကို ကျင့်လေ့ရှိကြ၏။

– (လု ၁၁း၃၉) သခင်ဘုရားကလည်း ဖာရိရှဲဖြစ်သော သင်တို့သည်ဖလားလင်ပန်းတို့ကိုအပြင်၌ ဆေးကြောကြ၍၊ 'အတွင်း' ၌ကား လုယူခြင်း၊ ဆိုးညစ်ခြင်းနှင့်ပြည့်လျှက်ရှိ၏

– (လု ၁၁း၄၀) လူမိုက်တို့၊ အပြင်ကိုဖန်ဆင်းသောသူသည် အတွင်းကိုလည်း ဖန်ဆင်းတော်မူသည်မဟုတ်လော။

– ( း၄၁) သာ၍ကောင်းသောနည်းမူကား၊ တတ်နိုင်သမျှ အတိုင်းဆင်းရဲသားတို့အား စွန့်ကြဲကြလော့။ သို့ပြုလျှင် ခပ်သိမ်းသောအရာတို့သည် သင်တို့အား သန့်ရှင်းခြင်းကြလိမ့်မည်။

လူရှေ့၌ အပြင်သဏ္ဍာန်သန့်ရှင်းစင်ကြယ်မှုထက် ဘုရားရှေ့တော်၌ အတွင်းနှလုံးသား သဏ္ဍာန် သန့်ရှင်းစင်ကြယ်မှုက ပို၍လိုအပ်ကြောင်း ဖော်ပြခြင်းဖြစ်၏။ 'ရုပ်သဘာဝ' နှင့် 'နာမ်သဘာဝ' ဦးစားထားမမှားဖို့ရန် ခရစ်တော်သည် အဓိကနှင့် သာမညကိစ္စကိုထိုသူတို့အား ခွဲခြားပြလိုက်ပါသည်။ 'စားစရာ၊ သောက်စရာ အမျိုးမျိုးသောနှစ်စရာတည်းဟူသော ကိုယ်ခန္ဓာနှင့်ဆိုင်သော အထုံးအဖွဲ့များနှင့်တကွ အသစ်ပြုပြင်ခြင်းကာလတိုင်ရုံမျှသာ တည်ရကြ၏' (ဗြဲ ၉း၁၀)

ခရစ်တော်လက်ထက်မှစ၍ ဗတ္တိဇံ သည် လူ၏အတွင်းနှလုံးသား သဏ္ဍာန်သန့်ရှင်းစင်ကြယ်ခြင်း တည်းဟူသောနောင်တ၊ ပြောင်းလဲခြင်း၊ ဆေးကြောခြင်းလက္ခဏာအထိမ်းအမှတ်ဖြစ်လာခဲ့ပါသည်။

## ခရစ်တော်လက်ထက်ဗတ္တိဇံ

'ယခုတွင်ဗတ္တိဇံသည် ယေရှုခရစ်ထမြောက်တော်မူသော အားဖြင့် ငါတို့ကို ကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော် ကိုယ်ကာယအညစ်အကြေး ဆေးကြောခြင်းကိုမဆိုလို။ ကိုယ့်ကိုကိုယ်သိသောစိတ် ကြည်လင်၍ ဘုရားသခင်ရှေ့တော်၌ ဝန်ခံခြင်းကိုဆိုလိုသတည်း' (၁ပေ ၃း၂၁)

'ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေနှင့် လောကီတရားတို့ကိုလိုက်၍ လောကီပညာနှင့် အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှမလုယူ၊ မဖျက်ဆီးစေခြင်းငှာ သတိပြုကြလော့' (ကော ၂း၈)

'ငါတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သော လက်မှတ်ကို ချေ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျှက်၊ ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ' (ကော ၂း၂၄)

ဆင်ခြင်နှလုံးသွင်းစရာရှိပါသည်။ ပညတ်တရားလက်အောက်၌ ရှိစဉ်တွင်၊ အထုံးအဖွဲ့များသည် အဓိက၊ ကျေးဇူးတော်တရားလက်အောက်ရောက်လာသောအခါ၊ 'ယုံကြည်ခြင်း' သည်အဓိက ဖြစ်လာပါတော့သည်။ ရှေးလူဟောင်းတို့သည် ဘုရားသခင်ကို မမြင် လုပ်ထုံးလုပ်နည်းများကိုသာ မြင်ကြ၏။ ခရစ်တော်ပေါ်ထွန်းလာသောအခါ၊ ခရစ်တော်ကိုမမြင်၊ လုပ်ထုံးလုပ်နည်းများကိုသာ မြင်ကြ၏။ ယနေ့ ကျွန်တော်တို့ခေတ်တွင်လည်း ထိုသူတို့ကဲ့သို့ဖြစ်နေပါက ဝမ်းနည်းစရာအဖြစ်နှင့် ကြုံစရာရှိ၏။

ခရစ်တော်ကို လက်မခံ ထုံးစံကိုသာ လက်ခံနေကြ၏။ ခရစ်တော်ကိုမမြင်၊ ထုံးစံကိုသာမြင်နေကြ၏။ ခရစ်တော်ကိုမသိ၊ လုပ်ထုံးလုပ်နည်းများကိုသာသိနေကြ၏။ ကျေးဇူးတော်ကိုဝန်မခံ၊ ပညတ်တရားကိုသာ ဝန်ခံလိုက်လျှောက်နေကြ၏။

ထိုသို့ဆိုလျှင် ရှေးလူဟောင်းတို့၊ သာသနာပလူများကဲ့သို့ပင် ဖြစ်နေကြမည်သာ။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အချည်းနှီးအသေခံတော်မူပြီဟု ပြောရမလိုဖြစ်နေပေပြီ။

အထက်ပါအကြောင်းအရာသည် ခရစ်တော်မပေါ်မီ အချိန်ကာလနှင့် ခရစ်တော်လက်ထက်က သမ္မာကျမ်းစာထဲမှ ရှေးလူဟောင်းတို့၏ အကြောင်းအရာအဖြစ်အပျက်တစ်ခုသာပါ။ ထို့နောက် ခရစ်တော်ချီဆောင်တော်မူခြင်းခံရပြီးနောက်ပိုင်းကာလ ယုံကြည်သူဖြစ်လာကြသော သားကဲ့သို့ဖြစ်သော၊ တပါးအမျိုးသား၊ ဘာသာခြားများအဖြစ်မှ ခရစ်တော်ကိုသိ၍ ယုံကြည်လက်ခံကာ ကိုးကွယ်လာကြကုန်သော မြန်မာပြည်မှ မြန်မာလူမျိုးခရစ်ယာန်ဘာသာဝင်တို့အတွက်မှာတော့ ဘယ်ကဲ့သို့သော အဓိပ္ပါယ်သက်ရောက်နေပါသနည်း။

ကယ်တင်ရှင် ခရစ်ယာန်ဘုရားနှင့် သက်ဆိုင်တာခြင်း၌ တူနေသောကြောင့်ပင်။

ထိုဗတ္တိဇံကို မည်ကဲ့သို့နားလည်ကာ လက်ခံလိုက်ရှောက်ကြရပါမည်နည်း ကျွန်တော်တို့မြန်မာလူမျိုးတို့အတွက် ဟောဗြဲဟေလသပါဠိတော်မှ မြန်မာဘာသာအားဖြင့် ဆရာယုဒသန် အနက်ပြန်၍ ပုံနှိပ်သော သမ္မာကျမ်းစာ၌ (ဗတ္တိဇံပုဒ်နက်သည် နှစ်ခြင်းဖြစ်၏) ဟု၊ ထိုစကားလုံးပါသည့် စာမျက်နှာတိုင်း၏အောက်ခြေ၌ 'အထူးပြုချက်' ထည့်ပေး

ထားသည်ကို တွေ့ရ၏။ (ထိုစာတန်းလေးကို ၄၈ ကြိမ်တွေ့ရသည်) ဗတ္တိဇံ၏ပုဒ်နက်သည် နှစ်ခြင်းဖြစ်၏။

ဘယ်အထဲသို့နှစ်ရပါမည်နည်း
ဘာကြောင့်နှစ်ရပါသနည်း
ထိုကဲ့သို့နှစ်လျှင်ဘာဖြစ်သွားပါသနည်း
နှစ်လျှင်ကောဘာဖြစ်သွားနိုင်ပါသနည်း

ဆရာကြီးယုဒသန်က မေတ္တာကြီးမားစွာဖြင့် မြန်မာလူမျိုးတို့အား မှန်သော ဘုရားတစ်ဆူတည်းဖြစ်တော်မူသော ထာဝရဘုရားသခင်ကို မြင်သိကိုးကွယ်နိုင်ရန် ဘဝကိုစတေးပြီး လက်ညှိုးထိုးကာ ပြခဲ့ပြီးပါပြီ။ ထိုအချိန်မှစ၍ ရှေးမြန်မာကြီးများထဲမှ အချို့သည် နှစ်ပေါင်းထောင်ချီ၍ မျိုးဆက်အလိုက် သယ်ဆောင်ခံယူထားသော၊ အရိုးစွဲနေသည့် မိရိုးဖလာ ဘာသာအယူ ဝါဒမှ သွေဖယ်ကာ ဉာဏ်အလင်းရလျှက် ကယ်တင်ခြင်းတရားသို့ ဝင်စားခွင့်ရခဲ့ကြသည်။ အနယ်ကျနေသော၊ ခေါက်ရိုးကျိုးနေသော၊ အသားမာတက်နေပြီးဖြစ်သော၊ ဘိုးစဉ်ဘောင်ဆက်ဘာသာ ပင်မချောင်းမှ ခွဲထုတ်လာခဲ့ကြတော့၏။ ထိုရှေးမြန်မာများဖြစ်သော ဦးနော၊ ဦးအင်း၊ ဦးရွှေငုံ၊ (ဆရာယုဒသန်အား ပါဠိဘာသာသင်ပေးသော ပရမတ်ဆရာ၊ ပိဋကတ်တတ်) စသည့် အဦးသီးသောအသီးများ၏ယုံကြည်ခြင်းကြောင့် ယနေ့ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာဝင် ခုနှစ်ရာခိုင်နှုန်းအထိ ပြည်းပြည်းခြင်း မျိုးဆက်ပွားလာခဲ့ရ၏။ ဘုရားသခင်၏ အံ့ဖွယ်သောမေတ္တာ၊ ပိညာဉ်တော်၏ အလင်းပေးခြင်း ကျေးဇူးသည် ကျွန်တော်တို့၏ နောင်လာနောင်သားတို့အတွက် အဖိုးမဖြတ်နိုင်သော ကျေးဇူးတရားကြီးပင် မဟုတ်ပါလား။ ယုံကြည်ခြင်း၏ ဘိုးဘေးတို့ကို အလွန်ကျေးဇူးတင်ပြီး ကယ်တင်ခြင်းတရားအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ် အလွန်ချီးမွမ်းမိပါ၏။ သို့မဟုတ်က ကျွန်တော်တို့သည် ယခုအချိန်၌ ဘယ်ဘာသာဝါဒ၊ ဘယ်လိုအယူအဆ၊ ဘယ်လိုယုံကြည်ချက်မျိုးများနှင့် ဘယ်လိုဘုရားမျိုးအား ကိုးကွယ်နေကြမည်မသိပါ။

အမှန်တော့ (ကုလားဖြူ) အင်္ဂလိပ်ဘုရား၊ အနောက်နိုင်ငံဘာသာဝါဒဟု အယူအစွဲကြီးသော ရှေးမြန်မာတို့အထင်လွဲကာ ဝိုင်းဝန်းနှိပ်ကွပ်ငြင်းပယ်ဆန့်ကျင်နေသည့်ကြားမှ ထိုယုံကြည်သူတို့သည် အမှန်ကိုမြင်လျှက် အမြင်မှန်ရကာ၊ အမြင်ရှင်းလျှက်ပွင့်လင်းလျှက် ထာဝရဘုရားစစ်မှန်ကြောင်းကို သိမြင်နားလည်ကာ ကယ်တင်ခြင်းတရားဝင်စား၍ လာခဲ့ကြ၏။ သူတို့သည် အမေရိကန် (သို့)ကုလားဖြူဘုရားမဟုတ်၊ ထိုကုလားဖြူက လက်ညှိုးထိုး ပြပေးခဲ့သော ကမ္ဘာလူသားအားလုံးတို့၏ ဘုရား၊ ဖန်ဆင်းရှင်ထာဝရဘုရား ဖြစ်မှန်းကို ဉာဏ်နှင့်ယှဉ်၍ သိမြင်လာခဲ့ကြခြင်းသာဖြစ်၏။ ပရမတ္တသစ္စာအမှန်တရားကို မြင်တွေ့ နိုင်ရန် ကွယ်ထားသည်ဆန္ဒအစွဲ၊ ဝါဒအစွဲ၊ အတ္တအစွဲ၊ ပုဂ္ဂိုလ်အစွဲ၊ လူမျိုးအစွဲ၊ ဘာသာအစွဲ စသည့်အရာမှန်သမျှကိုသူတို့သည် ချွတ်ချပယ်ခွာလိုက်သောအခါထာဝရဘုရားနှင့်တန်း၍ ပေါင်းစည်းကြလေတော့သတည်း။ ဤတွင် မြန်မာနိုင်ငံ၌ ခရစ်ယာန် 'အပင်' စ၍ပေါက်လေတော့၏။ ထိုအပင်တို့သည် ပွား၍ ပွား၍ 'ယုံကြည်ခြင်း' အသီးများကိုသီးသော၊ 'ယုံကြည်သူ' မျိုးဆက်ကိုပွားပေးသော 'ယုံကြည်သူ' အပင်ကြီးများ စင်စစ်ဖြစ်ခဲ့ကြပါ၏။ တဖြည်းဖြည်းနှင့် ခုချိန်မှာတော့ 'ယုံကြည်ခြင်း' ကိုမသီးပွင့်နိုင်တော့သော 'ယုံကြည်ခြင်း' ကိုအမျိုးဆက်မပေးနိုင်တော့သော၊ ခရစ်ယာန်ဘာသာရေး တောကြီးအသွင်၌ ရှိနေပြန်ပါပြီ။ ဝါဒတွေ၊ အယူအဆတွေ၊ ဂိုဏ်းတွေ လူမျိုးရေးတွေကိုသာ ပွား၍ သီးပွင့်ပေးနိုင်သော ဘာသာရေးတောအုပ်ကြီးတစ်ခုအဖြစ်သို့ ပြောင်းသွားသည်ကို တွေ့ရပါတော့သည်။

## မြင်ကွင်း

ခရစ်ယာန်ဘာသာဝင်တို့ပြုလေ့ပြုထရှိသော ဓလေ့ထုံးစံတစ်ခုရှိ၏။ လူတကိုယ်လုံးကို ရေထဲသို့ 'နှစ်၍' ပြန်ထရသောစနစ်ဖြစ်၏။ (ရေနှစ်ခြင်းမင်္ဂလာဟုခေါ်သည်)

အချို့သောဂိုဏ်းကွဲတို့က ဦးခေါင်းနှင့် နဖူးပေါ်သို့ရေစက်ဖြင့် စတိသဘော ဖြန်းတောက်ကြ၏။ (ရေဖြန်းမင်္ဂလာဟုခေါ်သည်)

ဗုဒ္ဓဘာသာဝင်တို့ပြုလေ့ပြုထ ရှိသော ဓလေ့ထုံးစံတစ်ခုရှိ၏။ (ရှင်ပြုမင်္ဂလာဟုခေါ်သည်) သူတို့က ခေါင်းတုံးရိပ်၍ သင်္ကန်းစည်းကြ၏။

မူစလင်ဘာသာဝင် ယောကျာ်းတို့က သူတို့၏ 'အသားစ' ထိပ်တစ်ခုကို လှီးဖြတ်ကြရ၏။ (အရေဖျားလှီးခြင်းဟုခေါ်သည်)

ကိုယ်ယုံကြည်ရာ ဘာသာဝါဒတစ်ခုရဲ့ ထုံးတမ်းဓလေ့နှင့်အညီ ပြုကြရသည့် ကိစ္စတစ်ခုပင်။ အချိန်တန်အရွယ်ရောက်သောသူတိုင်း မိဘဆရာသမားတို့၏ အစီအမံဖြင့် ဘိုးဘေးဝါဒအရခံယူထားကြသော သက်ဆိုင်ရာ ဘာသာအသီးသီးသို့ ဝင်ကြရ၏ (သာသနာ့အမွေဆက်ခံကြသည်ဟုဆို၏) မဝင်မနေရ မလုပ်မနေရ ဖြစ်၏ (အဖိုးအဖွား အသေဖြောင့်ရန်၊ မိဘဆရာသမားတို့ ရတက်အေးကြဖို့ အရေးပင်)။ ထိုဖြစ်စဉ်ကိုကြည့်ပါက ဆယ်ကျော်သက်ရွယ်တို့၏ ကိုယ်တိုင်သိမြင် နားလည်မှု၊ ကိုယ်ပိုင်ခံယူယုံကြည်ချက်၊ ဆန္ဒကင်းသော၊ လုပ်ဆောင်ချက်များအဖြစ်နှင့်သာ အတွေ့များ၏ (အားလုံးဟုတော့မဆိုနိုင်ပါ)။

ဘာသာခြားတို့၏ကိစ္စ အသာထားလို့ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ရေနှစ်၍ ခံယူကြသော နှစ်ခြင်းမင်္ဂလာအကြောင်းကို

ရင်းနှီးခင်မင်သော ပွင့်လင်းသူများကို 'အင်တာဗျူး' ကြည့်သောအခါ ဤသို့ သက်သေခံကြလေ၏။

ငယ်ငယ်တုံးကတော့ ဘာမှနားမလည်ပါဘူး။ ငုတ်ဆိုလို့သာ ငုတ်လိုက်တာ၊ ကိုယ်နဲ့ ရွယ်တူတွေက အကုန်နှစ်ခြင်းခံပြီးကြပြီဆိုတော့ကိုယ်လဲ မထူးပါဘူးကွာဆိုပြီး ကလေးတွေနဲ့ရောပြီး စိမ်လိုက်တာပါပဲ။

ကျွန်တော်ကတော့ ယောက္ခမတွေက ခရစ်ယာန်ဘာသာထဲဝင်မှ သဘောတူမယ်ဆိုလို့ဗျ။ ချစ်သူအလိုကျ၊ ကောင်းကင်ကကြယ်တောင်ဆွတ်ယူပေးမဲ့ ယောကျ်ားပဲဗျာ၊ ရေထဲခဏစိမ်လိုက်တာ ဘာဆန်းတာမှတ်လို့။ ကိုယ်ကတော့ ဘာရယ်မဟုတ်ပါဘူး၊ တစ်နှစ်မဟုတ်တစ်နှစ်တော့ ငုတ်ရမှာပဲ ရှောင်လို့မှမရတာ၊ အခွင့်သာခိုက် အဖွားက လေသေနပ် ဝယ်ပေးမယ်ပြောလို့ ၆ တန်းထဲက နှစ်ခြင်းခံကဒ်ပြား ရထားတာ။

ကျွန်မကတော့ မိရိုးဖလာအခြားဘာသာဝင်ပါ။ ဒါပေမဲ့မကျဉ်းမြောင်းဘူးရှင့်၊ သဘောထားကြီးတယ်။ ကမ္ဘာပေါ်မှာရှိရှိသမျှဘုရားတွေကို ကျွန်မကလက်ခံကိုးကွယ်ပေးတယ်ရှင့်။ ကျွန်မအိမ်ပေါ်မှာ ပေါ်သမျှ ဘုရားတွေရဲ့ပုံတော်တွေအားလုံး ရှိတယ်။ မီးလောင်ရေကြီးရင် ကျွန်မအိမ်လွတ်အောင်ပေါ့။ ချဲထိုးရင်လဲ ပေါက်ဂဏန်းအမြဲရအောင်လေ။ တစ်နေ့တော့မောင်နဲ့တွေ့တယ်။ အတိုချုံး ပြောရရင် သူက ကွန်မြူနစ်အမာစားကြီးရှင့်၊ (လက်ထပ်လိုက်တယ်) မိမိသည်သာ ကိုးကွယ်ရာ၊ လူသာလျှင်ပဓာနတဲ့၊ ဘာသာရေး ဆိုတာ လူတွေကို စွဲလမ်းစေတက်တဲ့ ဘိန်းတစ်မျိုးပဲတဲ့၊ အလကားဝါဒမှိုင်းတိုက်ထားတာတဲ့၊ ကျွန်မလဲ ဘာလုပ်ရမှန်း မသိတော့ဘူး
မောင့်ကိုချစ်လွန်းတော့ သူ့ကိုဘယ်လို မှမစွန့်လွှတ်နိုင်ဘူးလေ၊ ဒီတော့ ရှိရှိသမျှဘုရားတွေ ကျွန်မအကုန်စွန့်ပစ်လိုက်တော့တယ်။ ဘယ်ဘုရားမှလဲ မကိုးကွယ်တော့ဘူး။ မောင့်ကိုပဲကိုးကွယ်နေမိတော့တယ်။ မောင်တစ်နေ့တော့ ဘယ်လိုဖြစ်တယ်မသိဘူး၊ ကျမ်းစာအုပ် တကိုင်ကိုင်နဲ့၊ သူကစာသမားမဟုတ်လား၊ ဖြုန်းဆိုတစ်နေ့တော့သူက ရေနှစ်ခြင်းခံ ခရစ်ယာန်အမာစားကြီးဖြစ်သွားပါလေရော၊ မောင်ကကျွန်မကိုမဆွယ်ပါဘူး။ ကျွန်မကသာ ခရစ်ယာန်ဘာသာထဲဝင်လိုက်တာ၊ ရေနှစ်ခြင်းခံဖို့ (၃) ရက်သင်တန်း တက်ရတယ်။ ဘယ်လိုရှင်းပြရှင်းပြ ကျွန်မကတော့ နားကိုမလည်ပါဘူး။ ကိစ္စမရှိဘူးလေ၊ သင်းအုပ်ဆရာကတော့ အားပေးပါတယ်။ နောက်တော့ နားလည်းသွားမှာပါတဲ့။ ခုတော့ ဒါကိုသိအောင်အလွတ်မှတ်ထား၊ ဒီလိုမေးရင် ဒီလိုပြန်ဖြေတဲ့။ ကျွန်မအခုတော့ ခရစ်ယာန်တစ်ယောက်ပေါ့။ ဘာသာဝင် အသင်းသားကဒ်ပြားရှိတယ်လေ။

ကျုပ်ကတော့ဗျာ လူသူအရောက်အပေါက်နည်းတဲ့ ဒေသက လူ့နှင်းပြားဆိုတော့ ကျွန်တော်တို့ကိုဘယ်သူကမှ စိတ်မဝင်စားဘူးလေ၊ ခရစ်ယာန်အဖွဲ့တွေ ရောက်လာတော့အားကြီးသဘောကောင်းတာပဲ။ အဝတ်အစားတွေပေး၊ စားစရာတွေကျွေး၊ တရွာလုံးဝမ်းသာကြတာပေါ့။ ကြာတော့ ခင်လာတယ်။ သူတို့ ဒီလောက် သဘောကောင်းမှတော့ သူတို့ဘုရားလည်း သဘောကောင်းမှာပဲဆိုပြီး ခရစ်ယာန်ထဲဝင်လိုက်ကြတယ်။ တစ်ရွာလုံးပဲဆိုပါတော့။ ထုံးစံအတိုင်း အားလုံးရေနှစ်မင်္ဂလာယူကြတယ်။ ဘုရားရှိခိုးကျောင်းလေး တစ်ကျောင်းလဲ ဆောက်ပေးတယ်။ နောက်ဆုံးလယ်လုပ်စားဖို့ နွားတောင် ဝယ်ပေးသွားတယ်ဗျာ ရှားရော၊ ခုတော့ကော၊ ခု တော့ဘာဖြစ်တယ်မသိဘူး၊ တစ်ယောက်မှ မလာကြတော့ဘူး၊ သုံးလေးနှစ်ရှိပြီ။ သူတို့ဝယ်ပေးထားတဲ့ နွားကြီးလည်းသေသွားပြီ ဘုရားကျောင်းလဲ ပေါက်ပြဲမိုးယိုလို့၊ ခင်ဗျားဆက်ပြီးဦးဆောင်လေဆိုတော့ ကျုပ်ကအဖော်မရှိရင် ဘုရားမရှိခိုးတတ်ဘူးဗျတဲ့ သူတို့ကိုပဲ သိတာ သူတို့ဘုရားကိုမသိဘူး။ သူတို့နဲ့ပဲခင်တာ သူတို့ဘုရားနဲ့ကျွန်တော်သိပ်မခင်ဘူး။ (ဖြစ်ရပ်မှန်တစ်ခုပါ)။

ခရစ်ယာန်မကို လိုချင်လို့ရေငုတ် (နှစ်ခြင်းခံ) တာလား ဒါဆိုရင် ခရစ်ယာန်မရဲ့လင်ပဲဖြစ်မှာပေါ့။ ခင်ဗျားရသွားတာက ခရစ်ယာန်မတစ်ယောက်ကိုပါ၊ (ခရစ်တော်မဟုတ်ပါဘူး)။ ခရစ်ယာန်ယောကျ်ားနဲ့ ညားရပါမဲ့အရေး 'ရေနှစ်' ခံပေးလိုက်ရသေးတယ် ဟုတ်လား ခရစ်ယာန်ယောက်ကျားရဲ့မယားသာ ဖြစ်မှာပါ(ခရစ်တော်ရဲ့သမီး ဖြစ်မလာပါ)။

ခရစ်တော်ရဲ့သာသနာဟာ လူဖေါက်သာသနာ မဟုတ်ပါဘူး။ ထိမ်းမြားစုံဖက်ခြင်းအားဖြင့် သော်၎င်း၊ မေထုန်သံဝါသနည်းအားဖြင့်သော်၎င်း၊ ခရစ်တော်ကို သက်ဝင်ယုံကြည်ကိုးကွယ်သူတစ်ယောက် ဖြစ်လာအောင်လုပ်၍မရနိုင်ပါ(ယော ၁း၁၂)။ (ခရစ်ယာန်ဘာသာဝင် အသင်းသား တစ်ယောက်တော့ဖြစ်နိုင်ကောင်း၏)။

'ယုံကြည်သူများ' အနေဖြင့်လည်း (ဘာသာခြား) တို့အား တစ်စုံတစ်ခုသောအကြောင်းအရာကို ထောက်ပြီးအတင်းအကြပ် ခရစ်ယာန်ဘာသာထဲသို့စည်းရုံးသိမ်းသွင်းခြင်း၊ ချိန်ခွင်လျှာညီသည့်သဘောဖြင့် ညီမျှခြင်း ဆွဲခြင်းမျိုးမပြုလုပ်သင့်ပါ။ (သခင်ခရစ်တော်က ထိုသို့အလိုမရှိပါ) လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ၏ ကိုယ်ပိုင်သက်ဝင်ယုံကြည်မှုကင်းသော၊ ဘာသာဝင်လူဦးရေ ကိန်းဂဏန်း ဖေါင်းပွတိုးပွားခြင်းသည် ခရစ်တော်အလိုရှိသော သာသနာ မဟုတ်ပါ။

ငါ့သမီးလိုချင်ရင် ရေငုတ်
ငါ့သားလိုချင်ရင် ခရစ်ယာန်လုပ်

ဒို့ကိုချစ်တယ်ဆိုရင်တော့ ဒို့ဘာသာထဲဝင်ရမယ်နော်– ဆိုတာမျိုးတွေက နှစ်ဦးနှစ်ဖက်ဘယ်သူ့အတွက်မှ အကျိုးမဖြစ်စေနိုင်ပါ။ (ခရစ်တော်အတွက်ဆို ဝေလာဝေး) ကိုယ်နဲ့ဘာသာဝါဒ မတူတိုင်း၊ အယူဝါဒကွဲလွဲတိုင်း၊ သိမြင်နားလည် လက်ခံတတ်ပုံမတူတိုင်း၊ သူတစ်ပါးတို့အား ပေါင်းသင်းဆက်ဆံဖို့ မသင့်ဘူးဆိုတဲ့ တစ်ဖက်သတ်စိတ်ထားမျိုးတွေနဲ့ ကောင်းဆိုး–မှန်မှား မဆုံးဖြတ်ရပါဘူး။

သူတပါးတို့အား အတင်းအဓမ္မ ကိုယ်နဲ့ မတူတူအောင် လုပ်ဆောင်ခိုင်းခြင်းမျိုးသည် အကောင်းပြုရာမရောက်သည့်အပြင် အဆိုးပြုရာသို့ရောက်ပါ၏။

သူတစ်ဖက်သားတို့၌ ကိုယ်နှင့်ထပ်တူညီသော ‘လူ’ ဆိုသည့်တန်ဖိုးနှင့် အခွင့်အရေးသည်ရှိနေ၏။ ချစ်ခြင်းမေတ္တာအားဖြင့်သာ ကိုယ်ပြောချင်သောအကြောင်းအရာ၊ ကိုယ်ဖြစ်စေချင်သည့်အရာကို ပုံသက်သေနှင့်တကွ၊ ယုံကြည်ခြင်းနဲ့ ဆုတောင်းပေးခြင်းအားဖြင့် နူးညံ့သိမ်မွေ့စွာ ပြရမှာပါ။ ကိုယ့်ရဲ့စိတ်ရှည်သီးခံခြင်း၊ ချစ်ခြင်းအားဖြင့်သာ သူတပါး၏ ‘သိမြင်နားလည်’ နိုင်မှုကို ပွင့်လင်းစေလျှက် ‘ခရစ်တော်’ ကိုမြင်အောင် ပြကြဖို့သာပင်။ ကိုယ်ချင်းစာတတ်သော သဘောနဲ့အချိန်ယူစောင့်ဆိုင်းပြီး နားလည်မှုထားတတ်ပါမှ မေတ္တာရဲ့အသီးအပွင့်ကို မြင်ကြရမှာပါ။ ‘ယုံကြည်မှု’ တစ်ခုဆိုတာက ‘သိမြင်သဘောပေါက်ခြင်း’ ဆိုတဲ့ နားလည်မှုအပေါ်မှာသာ တဖြည်းဖြည်းတည်ဆောက်ရတဲ့အရာပါ။ လူတစ်ယောက်ဟာ ချက်ခြင်းကြီး ဘယ်အရာမျိုးကိုမှ မသိနိုင်ပါ။ ယုံကြည်လက်ခံမှုမပြုတတ်ပါ။ ဒီသဘောကို ဇေဝဇဝါလုပ်မဲ့ ခရစ်ယာန်တွေကိုယ်၌က သဘောပေါက်ဖို့ လိုပါသည်။ ဘာသာဝင်တစ်ယောက်ဖြစ်လာဖို့ကတော့ သိပ်လွယ်ပါ၏။ ချက်ခြင်းထလုပ်လို့လဲ ရပါ၏။ (ဘောလုံးသမားအသင်းပြောင်းသလိုပါပဲ) ယူနီဖောင်း အရောင်နဲ့ အသင်းတံဆိပ် ပြောင်းကပ်လိုက်ရုံပါပဲ။ ဘုရားကိုကိုယ်တိုင်မြင်ပြီး မေတ္တာတော်ကိုခံစားနားလည်ကာ ယုံကြည်ကိုးကွယ်သူတစ်ယောက်အဆင့်သို့ ရောက်ဖို့ဆိုတာက အချိန်ရယ်၊ အတွေ့အကြုံရယ်၊ လက်တွေ့သက်သေတွေရယ် ပေါင်းစပ်ပြီးမှ ဖြစ်တည်လာမဲ့အရာပါ။ (လူတစ်ယောက် ဘုရားကိုချက်ခြင်းယုံကြည်နိုင်အောင်လုပ်တဲ့ စံနစ်မရှိဘူး၊ ဖော်မြူလာမရှိဘူး) ‘ဝိညာဉ်တော်’ ရဲ့ အလုပ်သက်သက်ပဲ။ သူတို့ကိုယ်ကိုက မ–စ ကူညီပံ့ပိုးဖို့ပဲ လိုတာ၊ အမြဲဂရုစိုက်မေတ္တာပြနေရမှာ၊ (အဲ့တာ အစေခံခြင်းတမျိုးပဲ) ဒီလိုယုံကြည်လာတဲ့ သူတွေမှသာ သာမာန်ခရစ်ယာန်တွေထက်ပိုပြီး အချိုးကျလှပတဲ့ ဘုရားသားသမီးတွေအဖြစ်မြင်ရမှာပါ။

ဆရာယုဒသန်ဟာ တိုင်းပြည်ကိုစွန့်ခွာပြီး ဘဝကိုစတေးကာ ယုံကြည်ခြင်းနဲ့ ပုံသက်သေကိုပြပြီး ခြောက်နှစ်ခြောက်မိုး အစေခံဟောပြောကာမှ အဦးသီးသောအသီးဖြစ်တဲ့ ‘မောင်နော’ ဆိုတဲ့ မြန်မာယုံကြည်သူတစ်ယောက်ကို ရခဲ့ပါ၏။ ခုခေတ်ကိုယ်ကျိုးပြုဝန်တမ်း ဆိုသည့်ဓမ္မအမှုဆောင်တွေ၊ ဇေဝဇဝါဆရာတွေ အတုယူဖို့ကောင်းပါ၏။ ဆရာယုဒသန်သည် သမ္မာကျမ်းစာအုပ်ကို ဘာသာပြန်သည့်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းခဲ့တာ မဟုတ်ပါဘူး။ မြန်မာပြည်အတွက် သူ့ဘဝကိုစတေးပြီး အမှုတော်ဆောင်ခဲ့တာပါ။ သူသေတော့ သူ့မှာ ဘာမှမကျန်ခဲ့ပါဘူး။ ကျန်ခဲ့တာက သမ္မာကျမ်းစာတစ်အုပ်ရယ်၊ ယုံကြည်သူတွေရယ်ပါပဲ။ သူ့မှာ ဘုရားသခင်ကိုပြစရာ ဒါတွေပဲကျန်ခဲ့တာပါ။

များသောအားဖြင့် ‘ယုံကြည်သူ’ မရှာဘဲ၊ အသင်းထောင်၊ ဂိုဏ်းထောင်၊ နောက်လိုက်တပည့်မွေးတဲ့လုပ်ငန်းက ပိုပြီးခေတ်စားနေသလားလို့၊ လူကိုမျှားသောတံငါသည်တွေ ရှားပါးကုန်ပြီ။ လူကိုမျှားသောတံငါတွေပဲဟာ လူတွေက နေရာတကာမှာရှိပါတယ်။ မေတ္တာချိတ်နဲ့ မျှားကြပေ့ါ။ အချို့က ငါးတော့မျှားပါရဲ့၊ ငါးကြီးကြီးတွေကိုပဲစောင့်ပြီး ရွေးကာ မျှားနေကြတယ်။ လမ်းဘေးက သူတောင်းစားနဲ့ အနူ ကျတော့ စိတ်မဝင်စားကြဘူး။ (သူတို့လည်းငါးပဲ) သူတို့ကိုကျတော့ဘယ်သူမှ မဟောချင်ကြဘူး။ ခရစ်တော်ယေရှု၌ရှိသော စိတ်သဘောမရှိကြလို့ကတော့ လုပ်ကြလေသမျှ မလှမပတွေချည်းပါပဲ။

ဗတ္တိဇံဆိုတဲ့နှစ်ခြင်းအကြောင်းကို ပြန်သွားရအောင်။ ဒီကနေ့ ခရစ်ယာန်ဘာသာရေးတောကြီးထဲမှာတော့ ရေနှစ်ခြင်းမင်္ဂလာ ဆိုတာ – ဘိုးဘေးဝါဒ ဝတ်စုံ၊ လက်ထပ်ခွင့်လိုင်စင်၊ ဘာသာဝင်လျှောက်လွှာ၊ ရေစိမ်မင်္ဂလာပွဲ၊ ရေငုတ်ပွဲ အဖြစ်နဲ့အမျိုးမျိုးကွဲကာ အဓိပ္ပါယ်တွေပေါ်လို့နေပါတော့သည်။ ထိုအဓိပ္ပါယ်မျိုးနှင့်ပြုသော သဘောအားလုံးသည် ခရစ်တော်နှင့် မဆိုင်၊ ဘုရားသခင်၏နိုင်ငံတော်နှင့် မဆိုင် (လက်ရှိမြင်နိုင်သော အသင်းတော်များ)၊ ခရစ်ယာန်သာသနာ အယူဝါဒ ဓလေ့ထုံးတမ်းတစ်ခုနှင့်သာ သက်ဆိုင်ပါ၏။

ဆိုလိုသည်မှာ ‘ရေနှစ်ခြင်း’ လုပ်ရပ်တူသော်လည်း ရည်ရွယ်ရင်း၊ ရည်ရွယ်ချက်သဘောထားများ ကွဲလွဲနေသောကြောင့် ‘ယုံကြည်ခြင်း’ နှင့်မသက်ဆိုင်ဟု ပြောခြင်းဖြစ်၏။ ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲလုပ်လုပ် .. ဘာကြောင့်လုပ်ရသလဲဆိုတဲ့ ‘အသိ’ က အချုပ်ပါ။

တင်အောင်လွင် (Exodus)



# ခရစ်တော်၌ အသက်ရှင်လာသောသူများ

ဓမ္မသစ်ကျမ်းစာထဲ၌ သခင်ယေရှုသည် လူ (၃) ဦးအားသေခြင်းမှ ရှင်သန်ထမြောက်စေခဲ့သည်။ သို့သော်လည်း ထိုသူ (၃) ဦးတို့ အသက်ပြန်ရှင်လာသောအခါ လက္ခဏာသွင်ပြင်ခံစားမှုပုံသဏ္ဍာန်များသည် တစ်ဦးနှင့်တစ်ဦးတူညီသော တုန့်ပြန်မှုမရှိကြကြောင်းကို တွေ့မြင်နိုင်ပါသည်။

တို့အတူ ကျွန်ုပ်တို့အသက်တာ၌ ခရစ်တော်ကိုမရရှိသေးသောအခြေအနေ (သေနေချိန်)၊ ခရစ်တော်နှင့်တွေ့ထိပြီး ခရစ်တော်ရရှိသောအခြေအနေ (အသက်ရှင်သောလူသစ်) ဟူ၍ အသက်တာအပိုင်း (၂) ပိုင်းကို တွေ့မြင်နိုင်ပါသည်။

## ပထမလူ၏လက္ခဏာ

(ယော ၁၁း၁၇၊ ၄၂ )

မာရိနှင့်မာသ၊ လာဇရုဟူ၍ ခေါ်ဝေါ်သော မောင်နှမ (၃) ဦးတို့သည် ဗေသနိရွာ၌ နေထိုင်ကြပါသည်။ တစ်နေ့တွင်မောင်ဖြစ်သူ လာဇရုသည် ပြင်းစွာဖျားနာလျှက် သေဆုံးသွားခဲ့ပါသည်။ လာဇရုသေဆုံး၍ သင်္ဂြိုလ်ပြီး (၄) ရက်လွန်သောနေ့၌ သခင်ယေရှုသည် တပည့်တော်များနှင့်အတူ သင်္ချိုင်းတွင်းသို့ ရောက်လာခဲ့ကြပါသည်။ ထို့နောက်ယေရှုသည် လူထုပရိတ်သတ်အလယ်၌ လာဇရုကို သင်္ချိုင်းထဲမှ အသက်ရှင်ထမြောက်စေခဲ့ပါသည်။

ဤအမှုအားဖြင့် သခင်ယေရှုသည် ဘုရားသခင်၏ဘုန်းကို လူပရိသတ်အလယ်၌ ထင်ရှားစေခဲ့ပါသည်။ 'ထိုအခါ သေလွန်သောသူသည် မိမိခြေလက်၌ ပုဆိုးနံ့ယ်နှင့် ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပဝါနှင့်စည်းလျက် ထွက်လာ၏။ ယေရှုကလည်း သူ့ကိုဖြည်၍ လွှတ်ကြလော့ဟု မိန့်တော်မူ၏' (ယော ၁း၄၄)

သခင်ယေရှုက သေရာမှရှင်ပြန်ထမြောက်လာခဲ့သော လာဇရု၏ကိုယ်မှ အညစ်အကြေး၊ အဝတ်ဟောင်းပဝါစည်းများကို အလိုမရှိတော့ပါ။ထို့အတူ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်မတွေ့ထိခင်အချိန်၌ လောဘဒေါသမောဟ တရားများနှင့်ပြည့်နှက်၍ နံစော်နေသော်လည်း ခရစ်တော် နှင့်တွေ့ထိပြီးချိန်မှစ၍ ကိုယ်တော်သည် ကျွန်ုပ်တို့အား ပုပ်ပျက်တတ်သော ဇာတိအရာများနှင့် ကင်းစင်စေခဲ့ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏အပြစ်များကို ကိုယ်တော်က လွှတ်ပေးကြောင်း သိရှိခံစားလာရသောအချိန်မှစ၍ ကျွန်ုပ်တို့လည်း သူတပါး၌ဖြစ်စေ၊ မိမိညီအစ်ကိုခြင်း၌ဖြစ်စေ၊ မုန်းတီးမှု၊ ချည်နှောင်မှု၊ မနာလိုဝန်တိုမှုများလွှတ်နိုင်ဖို့ရန် ဘုရားသခင် အလိုရှိပါသည်။ ခရစ်တော်ကိုရသည်၊ ခရစ်တော်ငါ့အထဲ၌ရှိသည်ဆိုပြီး မိမိညီအစ်ကိုချင်း မချစ်နိုင်၊ အပြစ်မလွှတ်နိုင်သေးပါက ဘုရားသခင်အား မုသားပြောခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အပြစ်ကို လွှတ်မည်မဟုတ်ပါ (မ ၆း၁၄ – ၁၅)။ မိမိသည် ခရစ်တော်အားဖြင့် အပြစ်လွှတ်ခြင်းကိုခံရသဖြင့် မိမိတို့၌ အချင်းချင်း အပြစ်တင်စရာအခွင့် ရှိလျှင်တောင်မှသည်းခံ၍ ရှိလာသော လူသစ်တစ်ဦး၏ ပထမအခြေအနေဖြစ်သတည်း။

## ဒုတိယလူ၏လက္ခဏာ

(လုကာ ၇း၁၁ – ၁၅)

သခင်ယေရှုနှင့်အတူ တပည့်တော်များနှင့် လူအစုအဝေးအပေါင်းတို့သည် ကာတ္တနမြို့ကို ဒေသစာရီ ကြွချီတော်မူစဉ် မြို့တံခါးအနီးသို့ ရောက်သောအခါ မုဆိုးမတစ်ဦးသည် သူ၏ တစ်ဦးတည်းသောသားသေ၍ မြို့သားတို့နှင့်တကွ သင်္ဂြိုလ်ခြင်းငှာ ထုတ်ဆောင်လာခဲ့ကြကြောင်းကို ယေရှုသည်မြင်လျှင် သနားသောစိတ်ရှိသဖြင့် မငိုဖို့ရန်နှစ်သိမ့်ပါသည်။ ထို့နောက် ခေါင်းတလားအနီးသို့ကြွ၍ တလားကို လက်ဖြင့်တို့တော်မူသဖြင့် ထမ်းသောသူတို့သည်လည်းရပ်နေကြပါ၏။ ထိုအခါ ကိုယ်တော်က 'အချင်းလုလင်၊ ထလော့။ သင့်အား ငါအမိန့်ရှိသည်' ဟုမိန့်တော်မူလျှင် သေသောသူသည်လည်း ထိုင်၍စကားပြောလေ၏။ ကိုယ်တော်သည်လည်း သေခြင်းမှ ရှင်လာသူကို မိခင်အားအပ်ပေးတော်မူခဲ့ပါသည်။

ဤအကြောင်းအရာကို ဆင်ခြင်ပါက ထိုလုလင်ကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း သေနေသောသူများ ဖြစ်ကြပါသည်။ (ဘုရားနှင့်ကျွန်ုပ်တို့ဝိညာဉ်များ ကင်းကွာခြင်း) ထို့အတူ ထိုလုလင်သည် ယေရှုခရစ်တော်နှင့် မတွေ့ပါက မြေမြှုပ်ခံရမည်မှာမလွဲပေ။ မြေမြှုပ်တော့မည့်ဆဲဆဲ ခရစ်တော်နှင့်တွေ့ပြီး အသက်ရှင်လာသဖြင့် မြေကြီးနှင့်ကင်းကွာခဲ့ရပါသည်။ ယနေ့ကျွန်ုပ်တို့သည်လည်း ခရစ်တော်နှင့် မတွေ့

ပါက (ခရစ်တော်အားမယုံကြည်ခြင်း) မြေကြီးတည်းဟူသော အပ္ပါယ် (ငရဲ) ၌ နစ်မြုပ်သွားမည်မှာ ဧကန်မလွဲပေ။

သေနေသောသူက စကားမပြောနိုင်သလို၊ ဆန့်ကျင်ဘက်ဖြစ်သော လူရှင်တစ်ယောက်မှုကား စကားပြောမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယခုခရစ်တော်အားဖြင့် ထမြောက်လာသောလုလင်သည် မည်သည့်စကားကို ပြောထွက်မည်နည်း။ ထို့အတူကျွန်ုပ်တို့သည် ခရစ်တော်၌ရှိပြီးအသက်ရှင်သောသူဖြစ်ပါက မည်သည့်စကားကို ပြောမည်နည်း။ ဤသို့သောဆင်ခြင်တုံ တရားဖြင့် အဖြေရနိုင်ပါသည်။

ခရစ်တော်သည် အသက်ရှင်လာသောလုလင်အား သက်ဆိုင်သူမိခင်ဖြစ်သူ၌ အပ်ပေးသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဧဝံဂေလိ အားဖြင့် ခရစ်တော်၌ပြောင်းလဲလာသူများကို ပြီးစလွယ် ပစ်ထားခဲ့ခြင်းမျိုး မဖြစ်စေဘဲ၊ ခိုင်ခန့်သော မျက်မြင်ရအသင်းတော်တစ်ပါးပါးသို့ အပ်ပေးရန် လိုပါသည်။

ဧဝံဂေလိတရားစကားကြားပြီး ခရစ်တော်နှင့်တွေ့ထိပြီးသည့်နောက် ဝိညာဉ်သက်ရှိလာပြီး သူတပါးတို့အား ခရစ်တော်အကြောင်းကို သက်သေခံဝေငှခြင်းဖြင့် ခရစ်တော်၌ လူသစ်တစ်ဦးဖြစ်လာခြင်း၏ ဒုတိယလက္ခဏာသွင်ပြင်ကို တွေ့မြင်နိုင်ပါသည်။

## တတိယလူ၏လက္ခဏာ

(မာကု ၅း၃၅ – ၄၃)

တရားဇရပ်မှူး၏ သမီးငယ်သေကြောင်း သခင်ယေရှု ကြားတော်မူလျှင် တရားဇရပ်မှူးအား ယုံကြည်ခြင်းစိတ်တစ်ခုသာရှိစေရန်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိစေရန်၊ အားပေးနှစ်သိမ့်တော်မူပြီး သူငယ်၏ မိဘတို့ကို ၄င်း၊ ကိုယ်တော်နှင့်အတူပါလာသောသူတို့ကို ၄င်း၊ ခေါ်ပြီးလျှင် သူငယ်ထားရာအရပ်သို့ဝင်၍ သူငယ်၏လက်ကိုကိုင်တော်မူပြီး သေသူမိန်းမငယ်အား သေခြင်းမှရှင်သန်ထမြောက်စေခဲ့သည်။

ထိုခဏခြင်းပင် မိန်းမငယ်သည်ထ၍ လှမ်းသွားလေ၏။ ထို့နောက် ကိုယ်တော်သည် မိန်းမငယ်အား စားစရာကိုပေးရန် မိန့်တော်မူခဲ့ပါသည်။

ဤဖြစ်ရပ်၌ ကျွန်ုပ်တို့ခွန်အားယူဖို့ရန် အချက် (၂) ချက်ကို တွေ့နိုင်ပါသည်။ နံပတ်တစ် တစ်ချက်မှာ မိန်းမငယ်သည်သေရာမှ ထလာလာချင်း လှမ်းသွားခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ အသက်ရှင်သောသူတို့၏ လက္ခဏာ တစ်ရပ်ပင်ဖြစ်ပါသည်။ ငြိမ်မနေခြင်း၊ လှုပ်ရှားသွားလာခြင်း ပင်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည် ခရစ်တော်၌ အသက်ရှင်နေသူဖြစ်ပါက ယုံကြည်ခြင်းဖြင့် ရပ်နေဖို့ရန်မဟုတ်ဘဲ ဆုတောင်းခြင်းဖြင့်လုပ်ဆောင်၊ လုပ်ဆောင်ခြင်းဖြင့်ဆုတောင်းရန် ဖြစ်ပါသည်။ မိတ်သဟာရဖွဲ့ခြင်း၊ သက်သေခံခြင်းဖြင့် လှမ်းသွားဖို့ရန် ကိုယ်တော်အလိုရှိပေသည်။

နှစ် အချက်မှာ ကိုယ်တော်ကမိန်းမငယ်အား စားစရာကိုပေးရန် စေခိုင်းခဲ့ပါသည်။ အကြောင်းမှာ မိန်းမငယ်သည် ဆာလောင်နေသောကြောင့်ပင်ဖြစ်ပါသည်။ ယနေ့လည်း ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိပြီး ပြောင်းလဲလာသူဖြစ်ပါက ကိုယ်တော်၏ နှုတ်ကပတ်တော်အစာအား ဆာလောင်မွတ်သိပ်ခြင်းလက္ခဏာ သက်သေရှိလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ပြောင်းလဲခါစတွင် နှုတ်ကပတ်တော်အား ဆာငတ်လွန်းသဖြင့် လေ့လာခံယူခဲ့ပါသည်။ အသက်သစ်သင်တန်း၊ အချိန်ပိုင်းသင်တန်းများသို့ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မပျက်မကွက် နှုတ်ကပတ်တော် နို့စစ်အား အာသာငမ်းငမ်းသောက်သုံးခဲ့ပါသည်။ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းအမှုများကို ထိုအချိန်မှစ၍ အစပြုခဲ့ခြင်းဖြစ်ပေရာ မိမိညီအစ်ကိုမှ 'မင်းဟာ ကျမ်းရူးပဲ' လို့ မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်ထိဖြစ်ပါသည်။

အထက်ပါအသက်ရှင်လာသော မိန်းမငယ်၌ တွေ့ရသောအချက် (၂) ချက်သည် ယနေ့ ခရစ်တော်၌ရှိလာသော လူသစ်တစ်ဦး၏ တတိယလက္ခဏာသွင်ပြင်ပင် ဖြစ်ပါတော့သည်။ ထို့ကြောင့် ချစ်သောညီအစ်ကိုတို့ ခရစ်တော်၌ အသက်ရှင်လာသောသူတို့၏ သွင်ပြင်လက္ခဏာဆိုသည်မှာ –

(က) လူဟောင်း၏ ဗီဇသဘာဝဖြစ်သော ပုပ်စော်နံ့ကင်းပြီး သူတပါးအပေါ်၌ လွတ်ခြင်းအခွင့်ပေး၍ ချစ်တတ်လာခြင်း။

(ခ) ကယ်တင်ခြင်းအတွက် စိတ်ချမှုရှိပြီးယေရှုအကြောင်းအား မပြောရမနေနိုင်ခြင်း။

(ဂ) နှုတ်ကပတ်တော်ကိုဆာငတ်လာပြီး ဘုရားသခင်နှင့်အချိန်ယူတတ်လာခြင်း။

ထိုအရာတို့သည် ခရစ်တော်၌ရှိသော သူတို့၏ အပြင်သက်သေလက္ခဏာဖြစ်ကြောင်း မေတ္တာဖြင့် ဝေငှလိုက်ပါသည်။

–သိုးသစ်–



## မြင်တတ်ရင်ခွန်အားယူစရာဖြစ်မယ် (၅)

လွန်ခဲ့တဲ့ ၂၀၀၆ မေလတုန်းက အိမ်မဲမြို့ပေါ်မှာရှိတဲ့ မြန်မာနှစ်ခြင်းခရစ်ယာန် အသင်းကြီးရဲ့ ကျမ်းစာသင်တန်းမှာပါဝင်ခဲ့ဘူးတယ်။

အဲဒီနှစ်ခြင်းအသင်းတော်ထဲကို ဝင်လိုက်တာနဲ့ အလွန်ထူးခြားတဲ့မြင်ကွင်းနှစ်ခုကို တွေ့လိုက်ရတယ်။ အသင်းတော်ရဲ့ အတွင်းအလယ် ခုံလောက်မှာရပ်ပြီး ဘယ်ဘက်နံရံကို ခေါင်းမော့ကြည့်လိုက်ရင် အလွန်ကြီးတဲ့ နာရီကြီးတစ်လုံးနဲ့၊ ညာဘက်နံရံကိုကြည့်လိုက်ရင် သေးငယ်တဲ့နာရီတစ်လုံးကို တွေ့ရလိမ့်မယ်။

ဘာကြောင့် (၂) လုံးထားရသလဲ ဟုတ်လား၊ အေး... အဲတာတော့ ကျုပ်မသိဘူး။ ကျုပ်သတိထားမိတဲ့အချက်ကတော့ ဘယ်ဘက် ကနာရီကြီးက အလုံးကြီးပေမယ့် စက်မရှိတဲ့နာရီ။ လက်တံတွေကလည်းအသေကြီး။ ဘာမှအလုပ်မလုပ်ဘူး။ လူတွေကို အချိန်မှန်အောင်မပြနိုင်တဲ့ အရုပ်နာရီကြီး။

အေး...ဒါပေမဲ့ ညာဖက်နံရံမှာချိတ်ထားတဲ့ နာရီသေးသေးကတော့ စက်ရှိပြီးလက်တံတွေက လှုပ်ရှားနေတော့ လူတွေကိုအချိန်မှန်မှန် ပြနိုင်တယ်လေ။

အဲဒီမြင်ကွင်းက ဘာခွန်အားယူစရာဖြစ်စေသလဲ၊ ဟုတ်လား..သိပ်ရှိတာပေါ့။ အသင်းတော်ထဲမှာ၊ အဖွဲ့အစည်းကြီးတွေထဲမှာကြီးမားတဲ့ ရာထူးနေရာတွေ၊ ဘွဲ့ကြီးကြီးတွေ ယူထားပေမယ့် ကိုယ်တိုင်က ခရစ်တော်ပေးတဲ့ အသက်မရှိ လူတွေကိုလည်း ခရစ်တော်ရဲ့ ကယ်တင်ခြင်းကို မညွှန်ကြားမပြသနိုင်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ကြီးဟာ အိမ်မဲမြန်မာနှစ်ခြင်းအသင်းတော်ကြီးရဲ့ ဘယ်ဘက်နံရံမှာ ကပ်ထားတဲ့ စက်မရှိတဲ့အရုပ်နာရီကြီးနဲ့ တူနေတာပေါ့။

အေး...ဒါပေမယ့်ဘွဲ့ ဒီဂရီတွေ၊ ရာထူးကြီးတွေ၊ နေရာတွေမရထားပေမယ့် ခရစ်တော်ပေးတဲ့အသက်ရပြီး အခြားလူတွေကိုလည်း ခရစ်တော်ရဲ့ကယ်တင်ခြင်း အကြောင်းကို ညွှန်ကြားပြသပေးတတ်သူ ကတော့ စက်ရှိပြီး အချိန်မှန်မှန်ပြသနေတဲ့ နာရီလေးနဲ့ တူနေတာပေါ့ကွာ။

အေး...မင်းမြင်ပြီလား

မြင်ပြီဆိုရင် ကိုယ့်ကိုယ်ကိုဆင်ခြင်၊ ဘယ်လိုနာရီနဲ့တူသလဲလို့။

***–ခင်မောင်မြင့်–***

---

## ကယ်တင်ပိုင်ရှင်ထံသို့

ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရာ ကျမ်းစာအားဖြင့် သမ္မာလမ်းထင်ရှား ... ဟုအစချီသော ဓမ္မသီချင်းနံပါတ် (၁၄၂) သည်ယုံကြည်သူများကို (၆၆) ခုမြောက်သော ဆာလံကျမ်းကို အခြေပြုလျက် နှိုးဆော်ချက်များ ပေးပါ၏။ ရိုးသောသံစဉ်၊ နားလည်လွယ်သော စာသားဖြင့် နှလုံးသည်းပွတ်ကို ဆွဲဆောင်နိုင်သော ဤသီချင်းနှင့် ပတ်သက်၍ အုတ်ကလန် မြို့မှ သင်းအုပ်ဆရာတစ်ပါးက သက်သေခံချက်တစ်ခု ရှိပါသည်။

နှစ်ပေါင်းများစွာ တရားဟောသော်လည်း ပြောင်းလဲလာသူမရှိ၍ စိတ်ဓါတ်ကျနေခဲ့သော ဆရာသည် နောက်ဆုံးတစ်နေ့တွင် ဤသီချင်းကိုဆိုရာ မိန်းမတစ်ယောက်သည် ရှေ့သို့ တက်လာပြီးနောက် ဤသီချင်း၏နောက်ဆုံးပိုဒ်ကို ထပ်ဆိုရန် တောင်းပန်သတဲ့။ ဆရာကလည်း ပြန်ဆိုရပါ၏။

“*ငါတို့အလယ်၌ ကိုယ်တော်မြတ်သည် ယနေ့တွင်ပင် ရပ်နေတော်မူ၏။ ပညတ်တော်များကို မိန့်မြွက်တော်မူသည်သတည်း၊ သင်တို့ ခံယူမည်လော*”

ထိုမိန်းမသည် အိမ်သို့ပြန်လာပြီး နောက် တနင်္ဂနွေနေ့တွင် သူ၏ခင်ပွန်းကိုခေါ်လာလျက် နှစ်ခြင်းတောင်းရာ အုတ်ကလန် သင်းအုပ်သည် အံ့သြလျက် ကျေးဇူးတော်ကို ချီးမွမ်းသတဲ့။ ဤသီချင်းဖြင့် နောင်တတရားကို တွေ့မြင်စေခဲ့ပါ၏... ဟုသက်သေခံလေသည်။

သားငယ်လေး ငယ်စဉ်က သူ့ကိုဂီတသမား ဖြစ်စေချင်သဖြင့် ပုသိမ်မှ အဘိုးမုန်တိုင်းထံမှာ စန္ဒယား၊ တယော သွားသင်စေပါသည်။ ကျောင်းပိတ်ရက်မှာ သူငယ်ချင်း နှင်းပွင့်ဖြူနှင့် နော်အယ်ခူးလည်းသွားကြရာ ပထမ၌ စိတ်ပါသဖြင့် လိုက်သွားပါ၏။ တစ်လနှစ်လ ကြာလျှင် ပြန်လာကြသည်။ မိန်းကလေးများကတော့ အိုကေပါ၏။ တီးနိုင်ပါသည်။ သားကတော့ ဟိုမှာ ပျော်ပျော်နေခဲ့ပုံရသည်။ ‘ကယ်တင်ပိုင်ရှင်ထံ’ တစ်ပုဒ်ပဲရသည်။ ဘယ်လိုခိုင်းခိုင်း ဒီတစ်ပုဒ်ပဲတီးနိုင်၏။ အဘိုးမုန်တိုင်းက အတူတူသင်ပေးကာသူက မနာယူသဖြင့် တစ်ပုဒ် တည်းကိုတာဝန်ကျေသင်လာသဖြင့် သူ့ကိုဆူသောအခါ သူက... တော်ပြီလေ၊ ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရာ သိရင်ရပြီလို့ အဘိုးကပြောတယ်.. ဟုလွဲချလေ၏။ ပြန်စဉ်းစားသောအခါ သူ့စကားမှန်ပါ၏။ ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရန် မသိသူများသိလျက်နှင့် မချဉ်းကပ်သူအများရှိပါ၏။ ဥပုသ်နေ့မှာပင်လျှင် ကိုယ်တော်ထံသို့ ဒုစရိုက်အပြစ်ကင်းရှင်းလျက် စိတ်နှလုံးသာယာ ရွှင်မြူးခြင်းနှင့် ချဉ်းကပ်ဖူးမြော်ခြင်း မပြုနိုင်လျှင် ဝမ်းနည်းစရာအကြောင်းဖြစ်လာမည်ကို သတိပြုကြပါစို့။

*မှတ်ချက်။ ‘ဆိုး’၏ ညစဉ်ခွန်အားစာစောင်မှ ကောက်နှုတ်တင်ပြထားပါသည်။*

